


စာ့မှန်စန်းသာစာအုပ်စင်

စိတ်ကူးချိုချို အနုပညာ

# ဂျိန်းဂျိန်းဂျက်ဂျက် ဂျိန်းဂျက်ဂျက်

မစန္ဒာ

mgyoe.com



# ဂျိန်းဂျိန်းဂျတ်ဂျတ်
# ဂျိန်းဂျတ်ဂျတ်

မစန္ဒာ

ISBN9789997115133
MSN2
9 789997 115133
1,500.00KS

ဂျိန်းဂျိန်းဂျုတ်ဂျုတ်ဂျိန်းဂျုတ်ဂျုတ်၊ မစန္ဒာ
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၁၂၆ မျက်နှာ၊ ၁၂ •၈စင်တီ × ၁၈ •၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ တစ်ပုဒ်တည်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၅ အပေါင်းလက္ခဏာစာပေ၏ နှစ်အုပ်တွဲမှု၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စာမွန်ခန်းသာစာအုပ်စင်

mgyoe.com

# ဂျိန်းဂျိန်းဂျုတ်ဂျုတ်
# ဂျိန်းဂျုတ်ဂျုတ်

မစန္ဒာ

တစ်ပုဒ်တည်းပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

# စာမွန်ခန်းသာ

စိတ်ကူးချိုချို၏ အဖိုးနည်းဝန်ပါ
ရသစာအုပ်ကောင်းလေးများ
အစီအစဉ် ဖြစ်ပါသည်။

ဝတ္ထုလတ်တစ်ပုဒ်(သို့မဟုတ်)နှစ်ပုဒ်သော်လည်းကောင်း၊
ဝတ္ထုတိုသုံးပုဒ်(သို့မဟုတ်)ငါးပုဒ်သော်လည်းကောင်း
ရသစာမွန်စာကောင်းများ ရွေးချယ်စုစည်းသွားပါမည်။

အချိန်ရှားပါး ခေတ်လူသားများသို့ အထူးရည်ရွယ်လျက်
ပေါ့ပေါ့ပါးပါးလည်းရှိ၊ တန်ကြေးလည်း မများ၊
ခရီးဆောင်လည်းဖြစ်၊ ညောင်ခန်းသာမှာလည်း ညောင်ခံ၊
စာဖတ်ဝလေ့ အထောက်အကူလည်း ပြုရလေအောင်
ရည်ရွယ်စီစဉ်လိုက်ကြခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

# အခန်း (၁)

ရထားတွဲက ခပ်ဟောင်းဟောင်း။

တွဲနံရံမှ အစိမ်းရင့်ရောင် သဘော်ဆေးများက ပျက်ပြယ်နေပေပြီ။

ခေါင်မိုးတွင် သုတ်ထားသော အဖြူရောင် သဘော်ဆေးများကမူ ဝါညစ်ညစ် အရောင်သမ်းနေသည်။

တွဲနံရံတွင် မြေဖြူနှင့်ရေးထားသော 'ကမြင်းမ၊ မိလှလှရွှေ' ဟူသော စာလုံးက ခပ်ပြားပြား၊ ခပ်ဝါးဝါး ဖြစ်နေပေပြီ။

အောက်ဘက်တွင် ရေးထားသော 'ကိုလူမောင်၊ မသန်းအေး' ဟူသော စာတန်းကမူ အတန်ငယ် သစ်လွင်နေသေးသည်။

ရေးထားသည်မှာ ကြာပုံမရသေး။

'ညနေဆိုတော့ အနောက်ဘက်က နေပူမှာပဲ'

လှလှဆွေက အရှေ့အနောက်ကို အသေအချာ တွက်ချက်ကာ အရှေ့ဘက်ခုံတွင် ထိုင်သည်။

သူထိုင်သောခုံက ခပ်နဲ့နဲ့ဖြစ်နေ၍ နောက်တစ်ခုံ ပြောင်းထိုင်သည်။

mgyoe.com

mgyoe.com


အချိန်စောသေးသဖြင့် လူရှင်းသေးသည်။ စိတ်ကြိုက်နေရာရွေး၍ ထိုင်နိုင်သည်။

သို့သော် ထိုင်မိပြီး မကြာမီပင် လှလှဆွေသည် ဆတ်ခနဲပြန်ထမိသည်။

ထိုင်ခုံသစ်သားပြားများ အကြားမှ နှစ်ချို့ကြမ်းပိုးတို့က အားရပါးရ တွယ်လိုက်သောကြောင့် ဖြစ်သည်။

"ဒီကမ္ဘာလောကကြီးထဲမှာ ကြမ်းပိုးတို့၊ ခြင်တို့ဆိုတဲ့ သွေးစုပ်ကောင်တွေ ဘယ်တော့များမှ ပျောက်သွားပါ့မလဲ မသိပါဘူး"

ကြိမ်ခြင်းထဲတွင် အသင့်ထည့်ထားသော သတင်းစာဟောင်းတစ်စောင်ကို ဖြန့်ခင်းပြီး ပြန်ထိုင်လိုက်သည်။

လှလှဆွေက သဃ်န်းကျွန်းရထားကို အသွားအပြန် စီးနေသူဆိုတော့ သတင်းစာခေါက်ကလေးတစ်ခုကို ခြင်းတောင်းထဲ အမြဲထည့်ထားတတ်သည်။

ကြမ်းပိုးလွတ်သောခုံနှင့် တွေ့သော် ကိစ္စမရှိ၊ ခုလိုခုံမျိုးနှင့်တိုးပါက သတင်းစာခေါက်လေးက ကောင်းကောင်းအသုံးကျသည်။

တစ်ခါတစ်ရံ အိုက်လွန်းမက အိုက်လျှင်လည်း ထိုသတင်းစာကိုပင် ယပ်တောင်လုပ်၍ ယပ်ခတ်ရသည်။

"အိမ်ကဖျာတွေမှာလည်း ကြမ်းပိုးစွဲနေပြီ၊ ဘယ်ကနေ ဘယ်လိုရောက်လာတယ် မသိဘူး၊ မီးရထားပေါ်က ကြမ်းပိုးပဲပါလာတာဖြစ်ချင် ဖြစ်နေမှာ၊ ဒါမှမဟုတ် ဟိုနေရာတွေကများလား"

လှလှဆွေက တွေးရင်း မအီမသာ ဖြစ်လာသည်။

ရှက်စိတ်လိုလို...

ဝမ်းနည်းအားငယ်စိတ်လိုလို...

အမည်မဖော်ပြတတ်သော စိတ်ဇာစ်မျိုးက သူ့အတွေးထဲတွင်

mgyoe.com

mgyoe.com


စုန်ချည်၊ ဆန်ချည် ပြေးလွှားနေသည်ဟု ထင်မိလေသည်။

ရုတ်တရက် ချွေးပြန်လာ၍ နဖူးပြင်မှချွေးကို လက်ဖမိုးနှင့် ပွတ်သုတ်လိုက်သည်။

"ငါ အခုလိုဖြစ်နေတာ ကိုကိုနိုင်များသိရင် ဘယ်လိုနေမယ် မသိဘူး"

ကိုကိုနိုင့်ကို သတိရသည်။

ကိုကိုနိုင်သည် သူ၏အချစ်ဦး။

လှလှဆွေငယ်ငယ်၊ မလိမ်မိုး မလိမ္မာ ကလေးဘဝကအချစ်ဦး ဖြစ်ပါသည်။

ကြာတော့ ကြာခဲ့ပါပြီ။

ကိုကိုနိုင့်ကို မတွေ့ရ မမြင်ရသည်ပင် သုံးနှစ်ကျော်ကျော်လောက် ရှိပြီထင်သည်။

သို့သော်…

လှလှဆွေက မနေ့တစ်နေ့က အဖြစ်အပျက်လိုပင် ထင်မိသည်။

ခုပြန်တွေးလျှင် ခုပြန်ပြီး မျက်ရည်ဝဲရသည်။

"အင်း… သူက ငါ့ကိုတွေ့ရင်တောင် မှတ်မိချင်မှ မှတ်မိတော့မှာ၊ သူ့ဘဝမှာ ငါလိုကောင်မလေးတွေ ဘယ်နှယောက်များ ရှိခဲ့သလဲမှ မသိတာ"

လှလှဆွေ ပင့်သက်ရှိုက်မိသည်။

ကိုကိုနိုင်သည် ဥစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်သော ရာထူး လက်ရှိတစ်ဦးဟုပင် အကြမ်းဖျင်းဆိုရပေမည်။

ဦးနှောက်ကို အတော်အတန် အသုံးချသော မိန်းကလေးမှန်သမျှ ကိုကိုနိုင်နှင့်တွေ့လျှင် မဆွတ်မိက ညွတ်ချင်ချင် ဖြစ်ကြရသည်။

မဆွတ်ဘဲနှင့်ပင် ညွတ်ချင်နေကြသူများပင်ရှိရာ သူက အဆွတ်ခံ

mgyoe.com

mgyoe.com


ရသောကြောင့် ညွတ်မိခြင်းဖြစ်သည်ကိုတော့ အပြစ်မတင်သင့်ဟု လှလှဆွေ ထင်မိသည်။

သို့သော်...

ကိုကိုနိုင့်ကို သူချစ်ခြင်းမှာ အထက်ပါအရည်အချင်းများကြောင့်တော့ မဟုတ်ပေ။

ထိုအရည်အချင်းများ မရှိလည်း သူကချစ်မည်ပင်ဖြစ်သည်။

ကိုကိုနိုင်သည်သာ မုန့်ဟင်းခါးရောင်းသူဖြစ်လျှင် သူက ဟင်းရည်အိုးကို ပျော်ပျော်ကြီးရွက်မည်ဖြစ်သည်။

ကိုကိုနိုင် ခြေလက်အင်္ဂါမသန်မစွမ်း ချို့ယွင်းလေလျှင်ပင် သူက ဝတ်ကြီးဝတ်ငယ် ပြုစုနေရန် ဝန်မလေး။

ထိုထိုသော ချစ်မြတ်နိုးခြင်း၊ အထင်ကြီးခြင်း၊ တွယ်တာခြင်း စသော ထောင့်ငါးရာတွေ၊ ငါးရာနှစ်ဆယ့်ရှစ်တွေ ရောထွေးလာသော အခါ ကိုကိုနိုင်ခေါ်သမျှ လိုက်မိလေသည်။

ရုပ်ရှင်ရုံ...

စားသောက်ဆိုင်...

အင်းလျားစောင်း...

ထို့နောက် သူ့သူငယ်ချင်းအိမ်သို့ မကြာခဏ

"ဒါ ဘာရထားလဲဟင်"

စကြံပေါ်မှ ကောင်လေးတစ်ယောက်က မေးသည်။

အင်္ကျီနွမ်းနွမ်း၊ ပုဆိုးနွမ်းနွမ်းနှင့် အဆီပြန်နေသော မျက်နှာက ခပ်ညှိုးညှိုး ဖြစ်နေသည်။

"သဃ်န်းကျွန်း"

"တိုးကြောင်လေး ရောက်မှာလား"

"ရောက်မယ်"

mgyoe.com

mgyoe.com


"ဘယ်အချိန်ထွက်မှာလဲဟင်"

"လေးနာရီ သုံးဆယ့်ငါး"

ကောင်ကလေး လှည့်ထွက်သွားတော့ တွေးလက်စအတွေးက ခေါင်းထဲ ပြန်ဝင်လာသည်။

"အတူနေကြပါစို့ ကိုကိုရယ်"

ဟုပြောစဉ်က မျက်နှာမသာမယာ ရှိခဲ့ပုံကိုလည်းကောင်း...

အတွေ့ပင် မခံတော့ဘဲ ရှောင်နေပုံကိုလည်းကောင်း...

သတင်းစာထဲမှ "လက်ထပ်ပြီးစီးခြင်း" ကြော်ငြာကို တွေ့တော့ သူလူးနေအောင် ငိုခဲ့ရသည်များကိုလည်းကောင်း ဆက်တိုက်သတိရလာသည်။

ကိုကိုနိုင် အချစ်ဦးကို ရူးရူးမူးမူး ချစ်ခဲ့မိလေတော့ သူ၏အသည်းကို လည်းကောင်း...

နှလုံးကိုလည်းကောင်း...

အသွေးအသားကိုလည်းကောင်း အလုံးစုံကိုပုံပြီး အပ်နှင်းခဲ့မိသည်။

သို့သော်...

ကိုကိုနိုင်ကမူ သူ့အား မေတ္တာအတုအယောင်မှတစ်ပါး ဘာကိုမှ ပြန်မပေးခဲ့ပေ။

"အခုလို ပိုက်ဆံနဲ့များ ပြန်ပြီးတွက်ယူလိုက်ရရင်နည်းမှာမဟုတ်ဘူး"

လှလှဆွေက အံကြိတ်ရင်း မိုက်မိုက်ကန်းကန်း ရူးရူးနှမ်းနှမ်း တွေးမိသည်။

ခုတော့ လှလှဆွေတို့က ပါးနေပေပြီ။

ဘယ်သူ့ကိုမှ အလကားမပေးတော့။

အင်း... ငွေနှင့်ကြေးနှင့်ဆိုလျှင်တော့...။

"ဒါ အရောင်းအဝယ်လုပ်တာပဲ ဘာဖြစ်သေးလဲ၊ ကိုယ့်ဆီမှာ

mgyoe.com

mgyoe.com


ငွေမရှိဘူး ငွေလိုတယ်၊ စိန်တွေ ရွှေတွေ အဝတ်အထည်တွေကို ဆိုင်ခင်းပြီး မရောင်းနိုင်ဘူး''

''ဒါကြောင့် ကိုယ်ပိုင်တဲ့ပစ္စည်း ကိုယ်ရောင်းတာ၊ ရောင်းစရာမရှိလို့ ရှိတာကိုရောင်းတာ၊ အမေ့အတွက် ဆေးဖိုး၊ ညီမလေးအတွက် ကျောင်းဝတ်စုံ၊ မောင်လေးအတွက် စာအုပ်ဖိုး…

''နောက်ပြီး အိမ်မိုးဖို့၊ ကြမ်းခင်းဆွေးနေတာ လဲဖို့၊ ဒါတွေ ဒါတွေအတွက် ဘယ်သူကများ အလကားပေးမှာမို့လဲ''

မီးရထားပြတင်းပေါက်ပေါင်ကို ခေါင်းနှင့်ခပ်ဖွဲ့ဖွဲ့ မှီလိုက်သည်။

ရင်ထဲတွင် မောလျလျဖြစ်နေသည်။

စကြံတစ်ဖက်မှ ရထားသံလမ်းဘေးတွင် ပြောင်းဖူးရိုးနှစ်ရိုးတွေ့ရသည်။

စက်ဆီများပေကျံကာ မည်းညစ်နေသည်။

''အဖေ နာတာရှည်ဖြစ်နေတုန်းကလည်း ဘာမှမတတ်နိုင်ဘူး၊ ဒီအတိုင်း ငုတ်တုတ်ကြည့်နေရတယ်၊ မိုရီရာမင်းဆိုတာ အကြောထဲကနေသွင်းလိုက်ရင် အားပြည့်သတဲ့၊ ကြက်သားကို ပေါင်းစားပါတဲ့၊ ကြက်ပြုတ်ရည်သောက် ဆရာဝန်ကြီးက ပြောပါတယ်တဲ့၊ လွယ်လိုက်တာ…

''ပိုက်ဆံများရှိရင်တော့ ဘာခက်မှာလဲ၊ ပိုက်ဆံမရှိတော့ ကြက်ခြေထောက်ကလေး တစ်ချောင်းကအစ ရဖို့ခက်တာပဲ''

လှလှဆွေ သက်ပြင်းချသည်။

အဖေဆုံးသွားသည်မှာ တစ်နည်းအားဖြင့်တော့ ကောင်းသည်။

ဝဋ်ကျွတ်သွားခြင်းဖြစ်သည်ဟု လှလှဆွေ ယူဆမိသည်။

အဖေဆုံးပြီး မကြာမီပင် ကိုကိုနိုင်နှင့်တွေ့သည်။

သူ၏ဖြူစင်သော ဘဝလေးမှာလည်း လူမသိသူမသိ ပျက်ယွင်းခဲ့ရသည်။

mgyoe.com

mgyoe.com


ညစ်နွမ်းခဲ့ရသည်။

ယခုတစ်ဖန် အမေက နေမကောင်းဖြစ်ပြန်ချေပြီ။

တစ်နေ့တခြားပိန်ကာ မူးလိုက်မောလိုက်နှင့် ညိုးညိုငယ်ငယ် မရွှင်မပျဖြစ်လာသည်။

ဆရာဝန်က…

"အသားများများစား၊ ပဲများများစား"

ဟု ပြောပြန်ချေပြီ။

ကြက်ဥ၊ နွားနို့ သောက်ခိုင်းပြန်ချေပြီ။

'မိုရီရာမင်း' သောက်ခိုင်းပြန်ချေပြီ။

'ဂျယ်ရီယာဗစ်' သောက်ခိုင်းပြန်ချေပြီ။

သည်တစ်ခါတော့ လှလှဆွေသည် အဖေ့တုန်းကလို ငုတ်တုတ်ထိုင်ပြီး ကြည့်မနေတော့။

မရ,ရသည့်နည်းနှင့် ငွေရှာခဲ့သည်။

ဆေးဝယ်ခဲ့သည်။

"ဘယ်တတ်နိုင်မှာလဲကွယ်၊ ငါ့လခက နှစ်ရာလောက်ရယ်၊ ကြက်သားက နှစ်ဆယ့်ခြောက်ကျပ်ဈေး၊ 'ဂျယ်ရီယာဗစ်'က တစ်ပုလင်းလေးဆယ်၊ အိမ်မှာ စားမယ့်ပါးစပ်က လေးပေါက်"

စကြံပေါ်တွင်ရပ်ကာ ဖရဲသီးစိတ် စားနေသော မိန်းမကြီးတစ်ယောက်က ဖရဲခွံကို ရထားလမ်းပေါ် ပစ်ချလိုက်သည်။

ပေနေသောလက်ကို ထဘီနှင့် ပွတ်သုတ်လိုက်သည်။

"ခဏာ ခဏာလုပ်လို့တော့ မဖြစ်ဘူး၊ တော်ကြာ လူသိကုန်ရင် ဒုက္ခ၊ မေမေသာ သိရင်တော့ သေလိမ့်မယ် ထင်တယ်၊ မောင်လေးနဲ့ ညီမလေး သိရင်ရော၊ အို… မတွေးချင်တော့ပါဘူး၊ တစ်နေ့တုန်းကတော့ တည်းခိုခန်း တက်ဖမ်းတာ မိကြတယ်ကြားတယ်၊ ငါ့ကိုများ အဲဒီလို

mgyoe.com

mgyoe.com


မိသွားရင် ရှက်တာနဲ့ ချက်ချင်းလဲသေလိမ့်မယ် ထင်ပါရဲ့"

လှလှဆွေကတွေးရင်း ရင်ခုန်လာသည်။

ရထားလမ်းပေါ်မှ ဖရဲခွံကို ငေးကြည့်နေမိသည်။

လွှင့်ပစ်လိုက်သည့် အရှိန်နှင့်မို့ ခါးလယ်က အက်နေသည်။ လတ်လတ်ဆတ်ဆတ်မို့ အရောင်အသွေး မပြယ်သေး။ အတန့်ငယ် စိုပြည်နေသေးသည်။

သို့သော်လည်း မကြာမီပင် သူ့နားမှ ပြောင်းဖူးရိုးနှစ်ရိုးလို ဖုန် အလိမ်းလိမ်းနှင့် ညစ်ပတ်ပေကျံသွားတော့မည်ဖြစ်သည်။

"အပုပ်နံ့ဆိုတာ ကြာကြာဖုံးလို့ရတာ မဟုတ်ဘူး၊ သိကုန်ကြရင် တော့ ဒုက္ခပဲ၊ စောစောစီးစီး ဖြတ်နိုင်ရင်ကောင်းမယ်"

"ဒီတစ်ခါ လက်ထဲမှာစုမိရင်တော့ စာအုပ်အငှားဆိုင်လေး ဖွင့်ရရင် ကောင်းမလားမသိဘူး"

ခက်သည်က လက်ထဲတွင် များများစားစား မစုမိခြင်းပင်။

နောက်ပြီးတော့ ငွေအရလွယ်သောလမ်းကို လိုက်မိပြီဆိုတော့ လည်း ဆီးငန်စေ့ထုပ်ခြင်း၊ စက္ကူစာအိတ်လုပ်ခြင်း စသော တစ်ကျပ်၊ ငါးမတ် အလုပ်မျိုးလေးတွေကိုလည်း မလုပ်ချင်တော့ပေ။

အမေ့ချောင်းသံတဟွတ်ဟွတ်ကို ကြားလျှင်၊ မောင်လေးက...

"မှတ်စုရေးဖို့ ဗလာစာအုပ်လိုပြန်ပြီ အစ်မရယ်၊ နောက်ပြီး ကျောင်းက ဆရာကန်တော့ပွဲကျရင် ကျွန်တော်တို့တွေကို ဦးရွှေရိုးယိမ်း ကခိုင်းနေတယ်၊ ဝတ်စုံလိုပြန်ပြီ"

ဟု ပြောသံကြားရလျှင် သူသည် သက်ပြင်းရှိုက်ရင်း ထိုအခန်း မှောင်မှောင်လေးကိုပင် ပြေးပြီး သတိရမိတတ်လေသည်။

"ဒါ... မင်္ဂလာဒုံရထားနော်"

"မဟုတ်ပါဘူး သဃ်္ဃန်းကျွန်းပါ"

mgyoe.com

mgyoe.com


"ဟဲ့… ငါက မင်္ဂလာဒုံအောက်မေ့လို့"

သူ့ဘေးသို့ ဝင်ထိုင်မည်ပြုသော အမျိုးသမီးဝဝကြီးက ရထားပေါ်မှ ပြန်ဆင်းသွားသည်။

အမျိုးသမီးကြီးကိုင်ထားသော ပလတ်စတစ်ခြင်းဝါဝါထဲမှ သုံးဆင့်ချိုင့်ကလေးက အရောင်ပြောင်လက်နေသည်။

စတီးချိုင့်ဖြစ်သည်။

ခြင်းတောင်းထဲမှ ဒန်သတ္တု ထမင်းဘူးလေးလို ကြေးညှော်စင်စေရန် ကွမ်းသီးဆံဖတ်နှင့်တိုက်၍ ဆေးစရာမလို၊ အလိုလိုပြောင်ပြီး လက်နေလေသည်။

စိန်ဂွန်းဈေးရောက်တုန်းက ထိုထမင်းချိုင့်မျိုးလေးတွေ့၍ ဘယ်လောက်လဲ မေးကြည့်တော့…

"တစ်ရာ့ငါးဆယ်"

ဟု ပြောခဲ့သည်ကို သတိရသည်။

"အဟမ်း"

"ဟင်"

လှေကားရင်းတွင် ရပ်နေသူတစ်ဦးက ချောင်းဟန့်သည်။

သူ့ကို စူးစူးဝါးဝါး ကြည့်နေသည်။

"မြတ်စွာဘုရား"

လှလှဆွေ ရင်တွေခုန်လာသည်။

သူနှင့်အခန်းထဲတွင် ဆုံဖူးသူတစ်ဦးဖြစ်ကြောင်း ချက်ချင်းမှတ်မိလိုက်သည်။

ချက်ချင်းမှတ်မိသည်နှင့် ချက်ချင်းလည်း ဣန္ဒြေဆည်လိုက်နိုင်သည်။

လှမ်းကြည့်မိသော မျက်လုံးကို လျှမ်း၍ကျော်လိုက်ပြီး မသိလိုက်မသိဘာသာ လွှဲလိုက်သည်။

mgyoe.com

mgyoe.com


တွဲနံ့ရုံမှစာတန်းကို ငေးကြည့်ပြီး ထပ်ပြန်တလဲလဲ ဖတ်နေမိသည်။

"ကမြင်းမ၊ မိလှလှရွှေတဲ့၊ ငါ့နာမည်နဲ့ ခပ်ဆင်ဆင်ပဲ၊ ဘယ်သူများ ရေးထားတယ် မသိပါဘူး"

လှေကားရင်းမှလူက ရထားပေါ်တက်လာသည်။

သူ့ဘေးတွင် ထိုင်မည်ပြုသည်။

လှလှဆွေသည် ကြိမ်ခြင်းကို ပေါင်ပေါ်မတင်ဘဲ ဘေးတွင်ချထားမိသည်ကို ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်မိသည်။

"လူရှိတယ်"

လှလှဆွေက လေသံအေးအေးနှင့် ပြောလိုက်သည်။

သို့သော်...

ထိုအခါမှ ပို၍ဆိုးတော့သည်။

ထိုသူက ရှေ့ဘက်ခုံတန်းတွင် ဝင်ထိုင်သည်။

သူဝတ်ထားသော ရုံးဝတ်စုံကိုလည်းကောင်း၊ ကြိမ်ခြင်းတောင်းဟောင်းဟောင်းကို လည်းကောင်း၊ မပြုမပြင် မလိမ်းမခြယ်နှင့် ရိုးသားသော မျက်နှာအဆင်အပြင်ကိုလည်းကောင်း ကြည့်ကာ အသေအချာ အကဲခတ်သည်။

သို့သော်...

မသေမချာနှင့် ဇဝေဇဝါ ဖြစ်နေပုံရသည်။

"တစ်နေ့နေ့တော့ ဒီလိုဖြစ်မှာပဲ၊ ဒါပေမဲ့ ဘယ်သူက အသေအချာ မှတ်မိတော့မှာလဲ၊ အဲဒီတုန်းက ငါဒီလိုမဟုတ်ပါဘူး၊ နှုတ်ခမ်းနီကိုလည်း အရဲသားဆိုးထားတာ၊ ဆံပင်ကိုလည်း ဖြန့်ချထားတယ်၊ နောက်ပြီး ဒီလိုလင်းလင်းကျင်းကျင်းမှ မဟုတ်ဘဲ"

လှလှဆွေသည် သူ့ကိုယ်သူ အားတင်းသည်။

mgyoe.com

mgyoe.com


စိတ်ကိုအေးအေးထားကာ လက်ထဲက လက်ကိုင်ပဝါကလေးနှင့် လေကိုယပ်၍ ယပ်ခတ်သည်။

ရထားတွဲထဲမှ လူအနည်းငယ်ကို မျက်စိဝေ့၍ကြည့်ရင်း…

"အိုက်လိုက်တာလွန်ရော"

ဟု တစ်ဦးတည်း ပြောလိုက်မိသည်။

ခုနတုန်းက ရှင်းနေသော ရထားတွဲထဲတွင် ထိုင်နေကြသူများကို အနည်းအကျဉ်း တွေ့ရသည်။

တွေ့နေကျမျက်နှာက သုံးလေးဦးပါသည်။

သူ့လိုပင် သဃ်န်းကျွန်းရထားကို အသွားအပြန် စီးနေကြသူများ ဖြစ်ကြသည်။

အချို့မျက်နှာများကိုမူကား မမြင်ဖူးသေး။ အိမ်သာခန်းဘက် ထောင့်ကျကျတွင် ကောင်ကလေးတစ်ယောက် ထိုင်နေသည်။

တွဲပြတင်းပေါက်ပေါင်ကို ခေါင်းမှီရင်း အပြင်ဘက်ကို ငေး ကြည့်နေလေသည်။

"ဒါ ခုနတုန်းက ဘာရထားလဲ လာမေးတဲ့ကောင်ကလေးထင်တယ်"

လှလှဆွေက တွေးမိသည်။

ဘေးတွင်ချထားသောခြင်းကို ပေါင်ပေါ်ကောက်တင်မည် ပြုပြီး မှ…

"လူရှိသည်"

ဟု ပြောထားမိသည်ကို သတိရပြီး လူမျှော်သလိုနှင့် တွဲပြတင်း ပေါက်မှ ခေါင်းပြူကာ ဟိုဟိုသည်သည် ကြည့်သည်။

အသိတစ်ယောက်လာလျှင် ကောင်းမည်။

ခြေဆုံးခေါင်းဆုံးကြည့်ပြီး အကဲခတ်နေသူ၏ မျက်စိရှေ့တွင် အနေခက်လှသည်။

mgyoe.com

mgyoe.com


"ကြက်ဥပြုတ်၊ ငုံးဥပြုတ်၊ ကြက်ဥပြုတ်"

"လာဦး"

ကြက်ဥပြုတ်ရောင်းသော ကောင်ကလေးကို လှမ်းခေါ်လိုက်သည်။

စားချင်လို့တော့မဟုတ်၊ လုပ်မိလုပ်ရာလုပ်ခြင်း ဖြစ်လေသည်။

"ငုံးဥပြုတ်က ဘယ်လိုရောင်းလဲ"

"တစ်ကျပ် ငါးလုံး"

"ခြောက်လုံးထားပါလားဟယ်"

"မရဘူး အစ်မ၊ အလုံးအကြီးကြီးတွေ"

လှလှဆွေက ကျပ်တန်တစ်ရွက် ထုတ်ပေးသည်။

အတန်ငယ် ကြီးသယောင်ရှိသော ငုံးဥများကို ရွေးယူသည်။

အသားလွတ်ကြီး ထိုင်နေရသည်ထက် တစ်ခုခုလှုပ်ရှားနေရသည်က နေရထိုင်ရ သက်သာသလိုလိုရှိသည်။

"ငုံးဥပြုတ်ကောင်းလားဗျ"

"မပြောတတ်ဘူး၊ ကောင်းမယ်တော့ထင်တာပဲ"

အရှေ့ကလူက မေးသည်။

လှလှဆွေသည် ငုံးဥရွေးနေရာမှ အမှတ်မဲ့ဟန်နှင့် မော်ကြည့်ရင်း အရိုးခံမျက်နှာထားနှင့် ဖြေသည်။

"ကလေးတွေကတော့ သိပ်ကြိုက်တာ၊ ခါတိုင်းတော့ အစိမ်းဝယ်ပြီး ပြုတ်ပေးနေကျ၊ ဒီနေ့မှ ဝယ်မလာမိလို့"

ဘာကြောင့် ထိုသို့ပြောမိသည်လဲတော့ သူ့ကိုယ်သူပင် အသေအချာ မသိ။

သို့သော် ထိုသို့ပြောလိုက်သည့်အတွက် အရှေ့ဘက်ကလူ၏ ပြုံးဖြဲဖြဲမျက်နှာက အတန်ငယ်တည်သွားသည်။

mgyoe.com

mgyoe.com


"ငါ လူမှားတာထင်ပါရဲ့"

ဟု တွေးမိပြီး အားနာသယောင်ယောင် ဖြစ်သွားကြောင်းကိုလည်း လှလှဆွေ မသိမသာမော်ကြည့်ရင်း သိလိုက်ရသည်။

"ကြက်ဥပြုတ် ယူဦးမလား အစ်မ"

လှလှဆွေက မသိမသာ ပင့်သက်လေးရှိုက်မိရာမှ ခေါင်းခါပြသည်။

လက်ထဲက ငုံးဥငါးလုံးကိုပင် ဘာလုပ်ရမည်မသိသေး၊ အိမ်ကျမှ တစ်ယောက်တစ်လုံး ဝေစားကြရမည် ထင်သည်။

"ကောင်းတယ် အစ်မရဲ့၊ လတ်လတ်ဆတ်ဆတ် ပြုတ်ထားတာ အလုံးအကြီးကြီးတွေ"

သူက ထပ်၍ ခေါင်းခါပြလိုက်သည်။

❐

mgyoe.com

mgyoe.com

# အခန်း (၂)

"ကောင်းတယ် အစ်မရဲ့၊ လတ်လတ်ဆတ်ဆတ် ပြုတ်ထားတာ၊ အလုံးအကြီးကြီးတွေ"

ထိုအသံကြားတော့ တက်ပု ပို၍ဆာလာသည်။

သူ့လက်တွင် ဆုပ်ထားသော ပိုက်ဆံအကြွေ ငါးမူးကိုဖြန့်၍ ကြည့်မိသည်။

"တစ်လုံး ဘယ်လောက်လဲဟင်"

"ပြားခုနစ်ဆယ်"

တက်ပု နောက်တွန့်သွားသည်။

ပိုက်ဆံအကြွေလေးများကို ပြန်၍ ဆုပ်ထားလိုက်မိလေသည်။

"ငုံးဥပြုတ် ယူပါလား"

"တစ်လုံး ဘယ်လောက်လဲ"

"ပြားနှစ်ဆယ်၊ တစ်ကျပ်ဖိုး ငါးလုံး"

တစ်ကျပ်ငါးလုံးဆိုတော့ ငါးမူးဖိုးဝယ်လျှင် ငုံးဥပြုတ် နှစ်လုံးခွဲ ရမည်ဖြစ်သည်။

mgyoe.com

mgyoe.com


တက်ပုသည် စိတ်တွက်တွက်ကြည့်ရင်း စိတ်ပျက်သွားသည်။

"နှစ်လုံးပေးလေ"

သူက ပြားလေးဆယ် လှမ်းပေးလိုက်သည်။

သူ့ရှေ့ကို ထိုးပေးလိုက်သော ခြင်းတောင်းထဲမှ ငုံးဥပြုတ်နှစ်လုံးကို ရွေးယူသည်။

ငုံးဥလေးတွေကလည်း စာကလေးပစ်သော လောက်စာလုံးအရွယ်လေးတွေ ဖြစ်သည်။

ဝါးစားစရာပင် မလို။

မျိုချလိုက်လျှင်ပင် ပါးစပ်ထဲ လျှောခနဲကျသွားမည် ထင်သည်။

နှစ်လုံးတည်းနှင့်တော့ ဆင့်ပါးစပ်ကို နှမ်းပက်သလို ဖြစ်နေပေတော့မည်။

သူ့ဗိုက်က အလုံးနှစ်ဆယ်လောက် ဆက်တိုက်စားလျှင်ပင် ဝမှဝပါလေမည်လား မပြောတတ်။

ငုံးဥနှစ်လုံးကလည်း တော်တော်နှင့် ရွေး၍မရ။

အလုံးအရွယ်တွေက ညီတူတွေဖြစ်နေသည်။

လက်ထဲမရောက်ခင် တောင်းထဲမှာတုန်းက အကြီးဆုံးဟုထင်မိသော ငုံးဥသည် ကိုယ့်လက်ထဲရောက်ပြီး ကိုင်မိတော့ သေးသွားသည်ဟု ထင်မိပြန်သည်။

"ငုံးဥရွေးတာများ သူ့ကိုယ်သူ စိန်တွေ၊ ပတ္တမြားတွေ ရွေးနေရတယ် ထင်နေလားမသိဘူး၊ ကြာလိုက်တာဗျာ"

ငုံးဥပြုတ်သည်က မကြားတကြား ပြောသွားသည်။

တက်ပုက မျက်စောင်းထိုး၍ ပြန်ကြည့်သည်။

လက်ထဲမှ ငုံးဥကို ပြတင်းပေါက်ပေါင်နှင့် အသာခေါက်ရင်း အမေ့ကို သတိရသည်။

mgyoe.com

mgyoe.com


"ဘယ်သွားလိုက် သွားလိုက်၊ ဒီရွှေအကြောင်း စိန်အကြောင်း ချည်းပဲ၊ အမေကလည်း ဒါပဲ"

မနှေ့ညတုန်းက အမေက ပြောသည်။

အမေ နောက်အိမ်ထောင်ပြုတော့မည်ဟု ပြောသည်။

တစ်နေ့နေ့တွင် သည်စကား ကြားရတော့မည်ကို စိတ်ထဲမှ အလိုလိုသိထားပြီးဖြစ်သော်လည်း တက်ပု မကျေနပ်။

"တတ်နိုင်ရင်တော့ အမေလည်း နောက်အိမ်ထောင် မပြုချင်ပါဘူး သားရယ်၊ သားတို့မောင်နှမကိုလည်း ပထွေးနဲ့ မနေစေချင်ပါဘူး"

ဟု အမေက လေချိုလေးနှင့် ပြောသည်။

"ပထွေးနဲ့ မနေစေချင်ရင် နောက်ယောကျ်ား မယူနဲ့ပေါ့ဗျ"

ဟု သူက အမေ့ကို မအော်စဖူး ပြန်၍ အော်မိသည်။

ဒီတော့ တစ်ဖက်အိမ်မှ ကြီးတော်ဒေါ်အေးက...

"နင်ဘာသိလို့လဲ၊ နင်က တစ်နေ့တစ်နေ့ ဆော့ဖို့၊ စားဖို့လောက်သာ သိတာ၊ နင့်အမေကို နင်ဘာကူသလဲ၊ ဈေးတောင်း ခေါင်းရွက်ပြီး ပြန်လာတဲ့အမေကို ရေတစ်ခွက် ခပ်ပေးဖော်ရရဲ့လား၊ ဟိုမှာကြည့်စမ်း အငယ်မ ထွေးထွေးက နင့်ထက်သုံးနှစ်ငယ်ပေမဲ့ ရေဆွဲရင်လည်း သူ၊ ထင်းခွဲရင်လည်းသူ၊ ထမင်းချက်ရင်လည်း သူ ၊ အရွယ်နဲ့တောင် မလိုက်ဘူး လုပ်လိုက်ရတာ"

ဟု ဝင်ပြောသည်။

ဒီတော့လည်း သူက ကြီးတော်ဒေါ်အေးကို ရန်သူလိုကြည့်သည်။

"ထွေးထွေး ရေဆွဲရတာနဲ့ အမေလင်ယူတာ ဘာဆိုင်လို့လဲဗျ"

ဟု ကန့်လန့်မေးခဲ့သည်။

အမေက 'အင့်' ခနဲ ရှိုက်ကာ မျက်ရည်သုတ်သည်။

ကြီးတော် ဒေါ်အေးက...

mgyoe.com

mgyoe.com


"ဆိုင်တယ်ဟဲ့ ဆိုင်တယ်၊ ဦးညွန့်မောင်က မုဆိုးဖိုကြီး၊ ချမ်းသာတယ်၊ အသောက်အစားကင်းတယ်၊ နင့်အမေကို ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ ချမ်းချမ်းသာသာ ထားမှာ၊ နင်လည်း ချမ်းချမ်းသာသာနေရမှာ" ဟု ဆောင့်ကြီး အောင့်ကြီး ပြောလေသည်။

"အလကားဟာမကြီးတွေ၊ အမေ့ကို သူတို့ပဲမြှောက်ပေးနေကြတာ"

ငုံးဥခွံပါးပါးလေးများကို ရထားအပြင်ဘက် လွှင့်ပစ်လိုက်သည်။

ထို့နောက် ပါးစပ်ထဲသို့ အလုံးလိုက် ပစ်ထည့်လိုက်သည်။ ဆား မပါတော့ စား၍မကောင်းလှ။

"ကြက်ဥပြုတ်၊ ငုံးဥပြုတ်၊ ကြက်ဥပြုတ်၊ ငုံးဥပြုတ်"

ကြက်ဥပြုတ်သည်လေးက တွဲထဲမှ ပြန်လျှောက်သွားပြန်သည်။

ခရီးသည်များ၏ မျက်နှာကို ဝယ်နိုးနိုးနှင့် အကဲခတ်၍ ကြည့်သွားလေသည်။

"ဟင် ငါ့လက်ထဲမှာ ဆယ်ပြားပဲ ကျန်တော့တာသိလို့ ငါ့ကို လှည့်တောင် ကြည့်မသွားတော့ဘူး၊ တီးထည့်လိုက်ဖို့ ကောင်းတယ်"

တက်ပုက မျက်မှောင်ကုတ်ရင်း တွေးသည်။

ထိုကောင်လေးနှင့် သူဆိုလျှင် ရွယ်တူလောက်ပင် ဖြစ်သည်။ ရန်ဖြစ်လျှင် တရားမျှတသော ရန်ပွဲပင်ဖြစ်သည်။

ရုပ်ရှင်ထဲမှာလို လက်တစ်ဖက်ကို ရင်ဝနားတွင် ကာထားကာ လက်တစ်ဖက်ကို ထောင်၍စောင့်မည်။

အနားသို့ရောက်လာလျှင် ခုန်၍ဝင်ကာ ဖက်ပိုးကို လက်ဝါးစောင်းနှင့် ခုတ်ထည့်လိုက်မည်။

တက်ပုသည် အတွေးထဲတွင် သူ့ကိုယ်သူပြန်မြင်သည်။

တရုတ် သိုင်းမင်းသား ဝမ်ယုလိုလို...

mgyoe.com

mgyoe.com


တိလုံးလိုလို…

ဒေးဇစ်ချန်းလိုလိုနှင့် သားသားနားနား ရှိလှသည်။

တက်ပုက ထစ်ခနဲဆိုလျှင် ရန်ဖြစ်ချင်သည်။

အသက်ကသာ နှစ်ဆယ်ကျော်ကျော် ရှိသေးသော်လည်း သူဆင်နွှဲခဲ့သော ရန်ပွဲပေါင်းက အတော်လေးများနေပြီ ဖြစ်သည်။

စီခနဲဆိုလျှင် သူကလက်ဦးအောင် ဆော်ထည့်လိုက်ပြီးပြီ ဖြစ်သည်။

အဘွားကတော့…

"သကြန်တွင်းမွေးတဲ့ကလေးမို့ ရေလိုအေးမလား အောက်မေ့မိပါတယ်၊ သူက သကြန်တွင်းရဲ့ရေဓာတ်ကို မယူဘဲ ရန်ဖြစ်တတ်ကြတဲ့ ရန်ဓာတ်ကို ယူလာတာကိုးကွယ်"

ဟု ပြောဖူးလေသည်။

"အလကား နှာဘူးကြီး၊ အဲဒီဦးညွန့်မောင်ဆိုတဲ့လူကြီး အိမ်ကို ရစ်သီရစ်သီနဲ့ လာနေကတည်းက ထင်တော့ထင်သားပဲ၊ အမေကလည်း သနပ်ခါးအဖွေးသား လိမ်းလိမ်းပြီး ညှော့်ခံနေတာ ဟွန်း၊ အဖေသေတာ သုံးနှစ်တောင် မပြည့်သေးဘူး"

လက်ထဲတွင် ကျန်နေသေးသော ငုံးဥကို ဆက်ပြီးအခွံနွှာသည်။

ခုမှ ပိုပြီးဆာလာသည်။

လက်ထဲတွင်ကျန်သော ဆယ်ပြားနှင့် ဘာကိုဝယ်စားရမည်နည်း။

ခပ်လှမ်းလှမ်းတွင် တွေ့နေရသော စကြံပေါ်မှ ဆိုင်လေးကို လှမ်းကြည့်သည်။

ငါးမုန့်ကြော်က တစ်ထုပ်တစ်ကျပ်…

အာလူးကြော်က တစ်ကျပ်…

ဖီးကြမ်းငှက်ပျောသီးက ပြားသုံးဆယ်…

အချဉ်ထုပ်က တစ်မတ်…

mgyoe.com

mgyoe.com


ဆယ်ပြားတန် စားစရာက ဗလာနတ္ထိမရှိ။

ဒါတောင် ရထားလက်မှတ်မဝယ်ဘဲ ခိုးစီးသောကြောင့် ငုံးဥနှစ်လုံး ဝယ်စားနိုင်ခြင်း ဖြစ်လေသည်။

"အလကား အမေ၊ ဒီလူကြီးလာရင်ကို တပြုံးပြုံးနဲ့၊ ကြီးတော်ဒေါ်အေးတို့ကလည်း လျှော်ပေးနေကြတာ၊ အကုန်လုံး ဓားနဲ့လိုက်ခုတ်ပစ်ဖို့ ကောင်းတယ်"

ငုံးဥလေးကို ပါးစပ်ထဲပစ်သွင်းပြီး ကြီးတော်ဒေါ်အေး အမှတ်နှင့် ဖိ၍ ဝါးလိုက်သည်။

အမေ့ကိုလည်း မကျေနပ်။

ကြီးဒေါ်အေးကိုလည်း မကျေနပ်။

လိမ္မာသည်ဟု ချီးမွမ်းခံနေရသော သူ့ညီမထွေးထွေးကိုလည်း မကျေနပ်။

တက်ပုသည် အားလုံးကို မကျေမနပ်ဖြစ်နေသည်။

ဦးညွန့်မောင်ကိုတော့ ပြောမနေနှင့်တော့။

တူးတူးခါးခါး မုန်းမိသည်။

အိမ်ရှေ့အိမ်က ကိုစိုးတင့်ပြောပြသည့် သိုင်းဝတ္ထုထဲကလို အဝေးရောက် အကြောပိတ်သိုင်းနှင့် အကြောပိတ်ပြီး သတ်ပစ်လိုက်ချင်တော့သည်။

"ဟဲ့… တက်ပု"

ခေါ်သံကြားတော့ ရုတ်တရက်လန့်သွားသည်။

သူ့ရှေ့မှ အမျိုးသမီးကြီးကို မော်ကြည့်ရင်း ဝမ်းသာသွားသည်။

"ကြီးကြီးလှ"

"နင် ဘယ်သွားမလို့လဲ"

"ကြီးကြီးလှဆီ လာမလို့"

mgyoe.com

mgyoe.com


"ဟဲ့… ငါ့ဆီကို"

"ဟုတ်… တယ်"

တက်ပု၏အသံက တုန်ခါသွားသည်။

ခုနတုန်းကတော့ သူ့ကိုယ်သူ ဝမ်ယူလိုလို၊ ဒေးဗစ်ချန်းလိုလို တွေးထင်နေ၊ အားတွေအင်တွေ ပြည့်ဖြိုးနေသော်လည်း ခုတော့ ချက်ချင်းပင် ဝမ်းနည်းစိတ်တွေက ပြိုဆင်းလာသည်။

"နင် ဘာဖြစ်လာတာလဲ"

ကြီးကြီးလှက တက်ပုဘေးတွင် ဝင်ထိုင်သည်။

တက်ပုက ချက်ချင်း မပြောနိုင်။

မျက်ရည်အဝဲသား ဖြစ်နေသည်။

လည်ချောင်းဝတွင် စကားလုံးတို့က တစ်ဆို့နေသည်။

ကြီးကြီးလှကိုမြင်တော့ အဖေ့ကိုပိုပြီးသတိရသည်။

ကြီးကြီးလှသည် အဖေ့အစ်မဖြစ်သည်။

အဖေနှင့်လည်း ရုပ်ရည်ချင်း ဆင်တူလေသည်။

"အမေရယ်ပေါ့"

"ဟင်… နင့်အမေက နင့်ကိုရိုက်လို့လား"

တက်ပု ခေါင်းခါပြသည်။

ကြီးကြီးလှ၏ ရင်ခွင်ကျယ်ကြီးတွင် မျက်နှာအပ်ပြီး ကျုံ့ကျုံ့ပါအောင် ငိုပစ်လိုက်ချင်နေသည်။

"အမေရယ်…ယောကျ်ားယူမလို့တဲ့ဗျ"

"ဩော်…ဒါလား"

ကြီးကြီးလှကို…

"ဟင်… တကယ်လား"

"ဘယ်သူနဲ့တုံး"

mgyoe.com

mgyoe.com


"ဘာဖြစ်လို့ ယူတာတုံး"

စသည်ဖြင့် ပြုံးပြုံးပျာပျာ ဖြစ်စေချင်သော်လည်း ကြီးကြီးလှက မဖြစ်။

"ရေထဲမှာ ငါးရှိတယ်ဗျ"

ပြောသံကို ကြားလိုက်သလို...

"ဪ... ဒါလား"

ဟု ပြောသည်။

သူ့လက်ထဲမှ ကြိမ်ခြင်းတောင်းကြီးကို ခုံနှစ်ခုံကြားအလယ် နေရာတွင် ချထားရာမှ နံရံဘက်သို့ တွန်းရွှေ့လိုက်သည်။

"နင့်အမေကလည်း တတ်သမျှ မှတ်သမျှ လုပ်ကိုင်စားနေတာပဲ ငါ့တူရယ်၊ ဒါပေမဲ့ ငွေတွင်းက တယ်ပြီးနက်သဟဲ့၊ အရွယ်ကလေးက လည်းရှိ၊ ရုပ်ကလေးကလည်း ရှိတော့ တင့်တောင်းတင့်တယ် ထားနိုင် မယ့်သူဆိုရင် ယူရမှာပေါ့ဟယ်၊ နင်တို့အဖေ ငါ့မောင်ကသေနေပြီပဲဟာ"

တက်ပုသည် ကြီးကြီးလှကိုမော်ကြည့်ရင်း ပိုပြီးငိုချင်သွားသည်။

ခုနတုန်းက သူမကျေမနပ်ဖြစ်နေသော လူများ စာရင်းတွင် ကြီးကြီးလှတစ်ယောက်ပါ ထပ်၍တိုးသွားသည်။

"နင့်အမေ ငါ့ကိုပြောပြီးပါပြီ၊ အဲဒီလူက မဆိုးပါဘူး၊ ဟို... မုဆိုးဖိုကြီး မဟုတ်လား၊ အသက်ကြီးပေမဲ့ စိတ်ကောင်း သဘောကောင်း ရှိပါတယ်၊ နောက်ပြီး ပထမအိမ်ထောင်နဲ့လည်း ကလေးမကျန်ခဲ့ဘူးတဲ့"

"အလကား အားလုံးအတူတူပဲ၊ တစ်ကျိတ်တည်း တစ်ဉာဏ် တည်း"

တက်ပုက စိတ်ထဲမှ အော်လိုက်မိသည်။

အဖေ့အစ်မမို့ သူ့ဘက်များပါမလား၊ အားကိုးများရလေမလားဟု ထင်ခဲ့သော်လည်း အလကားပင်။

mgyoe.com

mgyoe.com


ကြီးကြီးလှကလည်း ဒေါ်ကြီးအေးလို လေသံမျိုးပင် ထွက်လာလေသည်။

"နင့်အမေက နင်တို့မောင်နှမကို အင်မတန်ချစ်တာပါ တက်ပုရယ်၊ အထင်မလွဲစမ်းပါနဲ့"

"ဘာချစ်တာလဲ အလကား"

ရုတ်တရက် ဝေကျလာသောမျက်ရည်များကို လက်ဖမိုးနှင့် ပွတ်သုတ်လိုက်သည်။

ဝမ်းနည်း အားငယ်သောစိတ်နှင့် ရန်လိုအာခံသော ဆန့်ကျင်ဘက်နှစ်မျိုးသည် သူ့ရင်ထဲတွင် တစ်ပြိုင်တည်းဖြစ်ပေါ်နေသည်။

"ငါ့ဆီလာမယ်ဆိုတာကိုရော နင့်အမေသိရဲ့လား"

"သိတယ်"

သူမနက်တုန်းက အိပ်ရာမှနိုးတော့ အမေမရှိတော့ပေ။ ဈေးရောင်းထွက်သွားပြီ ဖြစ်သည်။

အမေ့ခေါင်းအုံးအောက်ကို လှန်ကြည့်တော့ ငွေသုံးကျပ်တွေ့ရသည်။

သူက သုံးကျပ်လုံး ကောက်ယူလာခဲ့သည်။

နောက်ဖေးတွင် ထမင်းရည်ငှဲ့နေသော ထွေးထွေးက…

"အစ်ကို… နင်ဘယ်သွားမလို့လဲ"

ဟု မေးသည်ကို မကြားချင်ဟန်ဆောင်နေလိုက်သည်။

အိမ်အောက်ရောက်သောအခါမှ…

"ငါ ကြီးကြီးလှဆီမှာ သွားနေမလို့"

ဟု လှမ်း၍ အော်ပစ်ခဲ့သည်။

သို့သော် ကြီးကြီးလှဆီကိုတော့ ချက်ချင်းမသွားဖြစ်။

သူတို့နေရာ ဖဆပလကွက်သစ်မှ သမ္ဘတရုံအထိ လမ်းလျှောက်လာသည်။

. mgyoe.com

mgyoe.com


ရုပ်ရှင် ကြည့်ရကောင်းမလားဟု တစ်ကျပ်ခွဲတန်း ဝင်၍တန်းစီပြီးမှ ကြည့်ချင်စိတ်မရှိတော့၍ ပြန်ထွက်လာသည်။

ကျောင်းမှ သူငယ်ချင်းများနှင့် တွေ့သေးသည်။

"ဟော့… မင်း ကျောင်းမတက်ဘူးလား"

ဟုမေးတော့ သူက…

"မင်းတို့ကရော ရေသွားကူးမလို့ မဟုတ်လား"

ဟု ပြန်ပြောရင်း သူတို့နှင့် လိုက်သွားရကောင်းမလား စဉ်းစားသေးသည်။

သို့သော် နောက်ဆုံးတော့ ရဲရင့်ရုံမှ ကုလားကား ဝင်ကြည့်သည်။

ရုံအောက်မှာ ကုလားပဲသုပ် ဝယ်စားသည်။

ရုပ်ရှင်ကတစ်ကျပ်ခွဲ၊ ပဲသုပ်က တစ်ကျပ်၊ ငုံးဥက ပြားလေးဆယ်…

ခုတော့ လက်ထဲတွင် ဆယ်ပြားသာ ကျန်တော့သည်။

"နင့်အသက် ၁၀–နှစ်ကျော်ပြီနော်"

"၁၂–နှစ်ထဲမှာ"

"၁၂–နှစ်ဆိုတာ ကလေးမဟုတ်တော့ဘူး တက်ပုရဲ့၊ ကလေးလို မတွေးနဲ့၊ နင့်အမေကို နားလည်စမ်းပါ"

"ဘာ နားလည်ရမှာလဲ"

တက်ပုအသံက ငိုသံပါနေသည်။

ရန်လိုအာခံသောစိတ်များက ပျောက်ပြယ်သွားပြီး ဝမ်းနည်းစိတ်များ လျှံတက်လာသည်။

"နင်တို့မောင်နှမကို ချမ်းချမ်းသာသာ နေစေချင်လို့၊ သူ့ခများ နောက်အိမ်ထောင်ပြုဖို့ ကြံတာပါဟယ်"

"ဘာချမ်းသာစေချင်တာလဲ၊ ချမ်းသာစေချင်ရင် ဒီပြင်အလုပ်

mgyoe.com

mgyoe.com


တွေ လုပ်စရာအများကြီးရှိသားပဲ၊ ခုတော့ အမေက လင်ယူတာက လွဲလို့ မလုပ်တတ်ဘူးလား”

တက်ပုက ခပ်ရိုင်းရိုင်းပြောပြီး ရှိုက်ငိုမိသည်။

စီးကျလာသော မျက်ရည်များကို ပုဆိုးအောက်နားနှင့် ငုံ့၍သုတ်သည်။

နှာရည်များကို ရှီးခနဲ ညှစ်ပစ်လိုက်သည်။

“အေး ဒါက ဒို့ပြင်ဟာတွေထက် တွက်ခြေကိုက်လို့ပေါ့၊ နင့်အမေ လင်ယူတာက အလကားယူတာ မဟုတ်ဘူး၊ ဈေးတွက်တွက်ပြီး ယူတာ”

ကြီးကြီးလှက သူ့ကိုမျက်လုံးပြူးကြည့်ကာ ခပ်ကျိတ်ကျိတ်ပြောသည်။

တက်ပု နှာရည်ထပ်ညှစ်သည်။

ဆင့်၍ ဆင့်၍တက်လာသော ရှိုက်သံများကို နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျိုချသည်။

တက်ပု မကျေနပ်။

ဘယ်သူ့ကိုမှ မကျေနပ်။

လောကကြီးတစ်ခုလုံးကို မကျေနပ်။

❒

mgyoe.com

mgyoe.com

# အခန်း (၃)

မျက်စောင်းထိုးခုံတွင် ငိုမဲ့မဲ့နှင့်ထိုင်နေသော ကောင်ကလေးကို တွေ့ရသည်။

ကောင်ကလေးက မျက်ရည်များကို လက်ဖမိုးနှင့် ပွတ်သုတ်ရင်း…

"ချမ်းသာစေချင်ရင် ဒီပြင်လုပ်စရာတွေ အများကြီးရှိသားပဲ၊ ခုတော့ အမေက လင်ယူတာကလွဲလို့ မလုပ်တတ်ဘူးလား" ဟု ပြောသည်။

ထိုစကားကိုကြားရတော့ အေးမွန်၏သူငယ်ချင်း မငယ်ပြောခဲ့သော စကားကို အောင်ဖြိုးဝင်း သတိရသည်။

မငယ်ကလည်း သူ့ကိုစေ့စေ့ကြည့်ကာ…

"ငဖြိုးရယ်၊ နင်ချမ်းသာချင်ရင် လုပ်စရာတွေ အများကြီးပါ၊ ချမ်းသာတဲ့မိန်းမကို ယူတာကလွဲလို့ ဒီပြင်ဟာ မလုပ်တတ်တော့ဘူးလား၊ နင်က အေးမွန်ကို လွယ်လွယ်ကလေး သစ္စာဖောက်တော့မှာလား"

ဟု ပြောခဲ့သည်။

အဲဒီတုန်းက သူက ပါးစပ်မှတော့ ဘာမှပြန်မပြောခဲ့။

စိတ်ထဲတွင်တော့ ခုနကမိန်းမကြီးပြောသလို "ဒါက ဒီပြင်ဟာတွေထက် တွက်ခြေကိုက်လို့ပဲ" ဟု ပြောမိလေသည်။

mgyoe.com

mgyoe.com


"ဈေးတွက်တွက်တာ မိန်းမတွေမှ တွက်တတ်တာ မဟုတ်ဘူး၊ တို့ယောကျ်ားလေးတွေလည်း တွက်တတ်တာပဲ၊ အင်းလေ··· ဘယ်လောက်တွက်တွက် တွက်ခြေကတော့ ကိုက်ချင်မှကိုက်မှာပေါ့လေ"

အောင်ဖြိုးဝင်း သက်ပြင်းတစ်ချက် ချမိသည်။

အေးမွန်ကို သတိရသည်။

အထူးသဖြင့် တစ်ခုံကျော်မှ မိန်းကလေးကိုမြင်တိုင်း အေးမွန်ကို ပိုပြီးသတိရမိသည်။

ထိုမိန်းကလေးသည် သူ့လိုပင် သဃ်န်းကျွန်းရထား စီးနေကျ ဖြစ်သည်။

နူးညံ့ပြီး အေးဆေးသော မျက်နှာထားလေးက အေးမွန်နှင့်တူသည်။

သူက ပုစွန်တောင်ဘူတာတွင် ဆင်းသူတက်သူမို့ ထိုမိန်းကလေး ဘယ်ဘူတာကတည်းက ပါလာသနည်း မသိရပေ။

သို့သော်လည်း ရထားပေါ်တွင်တော့ မကြာခဏ ဆုံမိကြသည်။

တစ်ဦးနှင့်တစ်ဦး မျက်မှန်းတန်းမိနေသည်။

ခုနကတုန်းက ထိုမိန်းကလေး ငုံး၁ဝယ်တော့ ရှေ့ခုံမှလူက စကားရောဖောရောနှင့် အရောဝင်ရန် အားထုတ်နေသည်ကို သတိပြုမိ၏။

"ကောင်မလေးက အေးအေးဆေးဆေး ရိုးရိုးသားသားလေး၊ ဟိုကောင့်ကြည့်ရတာ စပ်ဖြဲဖြဲ၊ ပြိတ်တီနဲ့ အတော်ပွေမယ့်ရုပ်မျိုး၊ ကြည့်ပါဦး ရင်ဘတ်ဟပြဲ ရွှေဆွဲကြိုးက ဆွဲသေး"

သူက တွေးမိသည်။

ထို့နောက် တစ်ဆက်တည်း သူနှင့် အေးမွန်တုန်းကလည်း ဘေးလူများက ထိုသို့ပင် ပြောလေ့ရှိကြသည်ကို သတိရသည်။

အေးမွန်က ရိုး၍အေးကာ သူကတော့ လူလည်ရုပ်ဟု အေးမွန်၏ သူငယ်ချင်းမငယ်က ပြောဖူးသည်။

mgyoe.com

mgyoe.com


အေးမွန်အား သူ့ကို ပြန်မကြိုက်ရန် ကဖျက်ယဖျက် လုပ်ဖူးသည်။

မငယ်က ပြောလွန်းလို့လားမသိ၊ အေးမွန်ကလည်း သူ့ကို သိပ်မယုံချင်ပေ။

အေးမွန်က…

"မောင့်ကို မယုံရဲဘူးကွယ်"

ဟုပြောလျှင် သူက ပြုံး၍သာနေသည်။

သူ့ကိုယ်သူလည်း သိသည်။

သူက ယုံကြည်လောက်သော၊ စိတ်ချလောက်သော ပုဂ္ဂိုလ်မျိုး မဟုတ်ပေ။

အဖေသေတော့ အမေ့တွင် အတွင်းပစ္စည်းလေး အနည်းအပါးသာ ကျန်ခဲ့သည်။

သူ့အစ်မက ၁၈–နှစ်၊ သူက ၁၅–နှစ်၊ ညီမလေးက ၁၃–နှစ်။ အမေသည် သူ၏လက်ဝတ်လက်စားများနှင့် သားသမီးတို့၏ပညာရေးကို လဲခဲ့သည်။

သူတို့ မောင်နှမသုံးဦးလုံး ဘွဲ့ရခဲ့သည်။

အစ်မကြီးက ပညာရေးတက္ကသိုလ်မှအောင်ကာ အထက်တန်းပြ ဆရာမဖြစ်ခဲ့သည်။

သူက စက်မှုတက္ကသိုလ်မှအောင်ကာ အင်ဂျင်နီယာ ဖြစ်ခဲ့သည်။

ညီမလေးကမူ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ရိုးရိုးသိပ္ပံဘွဲ့နှင့် အင်ဂျင်နီယာကတော်ဘွဲ့ကို တစ်ပြိုင်နက်တည်း ဆွတ်ခူးခဲ့သည်။

ညီမလေး ဘွဲ့ရမည့်နှစ်တွင်ပင် အိမ်ကိုဝင်ထွက်နေသော သူ့သူငယ်ချင်း ကိုကိုလတ်နှင့် အကြောင်းဆက်၍ ပေါင်းဖက်မိသောကြောင့် ဖြစ်သည်။

mgyoe.com

mgyoe.com


သားသမီးသုံးဦးလုံးကို ပညာအပြည့် ပေးပြီးသောအခါ၌ကား အမေ့ဆီတွင် ရွှေဆိုး၍ မူး၍ပင် ရှူစရာမရှိတော့ပေ။

"အမေ့သားတွေ သမီးတွေကို အမေက ပညာအမွေပဲ ပေးနိုင်တယ်ကွယ်၊ ဟောဒီကသားကြီး ဖြိုးအတွက်ကတော့ အမေစိတ်မကောင်းဘူး၊ သားကြီးက အင်မတန်အကောင်းကြိုက်၊ အင်မတန်ဇိမ်ယူတတ်တာ၊ ခုတော့ အမေက ဘွဲ့တစ်ခုကလွဲလို့ ဘာတိုက် ဘာကားမှလည်း မပေးနိုင်"

အမေက မျက်ရည်အဝဲသားနှင့် ပြောခဲ့သေးသည်။

ဟုတ်သည်။

သူ့အစ်မနှင့်ညီမက ရှိသမျှနှင့် ရောင့်ရဲကာ ခပ်အေးအေးနေတတ်သော်လည်း သူက ကြားထဲမှဖောက်ကာ အင်မတန်အကောင်းကြိုက်တတ်နေသည်။

ရေအိုးထဲက ရေအစား ရေခဲသေတ္တာထဲက ရေကိုမှ သောက်ချင်သည်။

ယပ်တောင် တဖျတ်ဖျတ်ခတ်ရသည်မှာ ညောင်း၍ ပန်ကာလေလေးနှင့် အအေးခံချင်သည်။

ဒတ်ဆန်း ဝမ်းတွမ်တီးဝိုင်လောက် မစီးရလျှင်တောင်မှ ဖင်မလီယာလောက်တော့ စီးချင်သည်။

"နင်ဒီလောက်တောင် အကောင်းကြိုက်နေရင်လည်း သူဌေးသမီးရှာယူပါတော့ဟယ်"

ဟု သူ့အစ်မကြီးက ပြောခဲ့သည်။

ဟုတ်သည်။

သူ့ကိုယ်သူလည်း သိသည်။

သူဌေးသမီးကို ရှာယူမှဖြစ်မည်။

mgyoe.com

mgyoe.com


သို့သော် ခက်သည်က သူဌေးသမီးကို ရှာ၍မတွေ့ခင် အေးမွန်နှင့် အနေနီးကာ ချစ်ရေးဆိုခဲ့ပြီး ချစ်သူဖြစ်လာကြရခြင်း ဖြစ်သည်။

"လူရှိလားဟင်"

"မရှိပါဘူး"

သူက ဘေးတွင်ချထားသော သားရေအိတ်ကို ပေါင်ပေါ်တင်ကာ တွဲနံရံဘက်သို့ တိုးပေးလိုက်သည်။

ရုံးဝတ်စုံဝတ်ထားသော အမျိုးသမီး ခပ်ဝဝတစ်ဦးက ဝင်ထိုင်သည်။

သူ့လက်ထဲမှ ငါးမူးတန် ပလက်စတစ် အိတ်ပျော့လေးကို ကြမ်းပေါ်သို့ချပြီး အပေါ်ဘက်မှ လက်နှင့်ထိန်း၍ ကိုင်ထားလိုက်သည်။

"အိုက်လိုက်တာလွန်ရော"

အမျိုးသမီးက သူ့ကိုလှမ်းကြည့်ကာ ပြောသည်။

ရုံးသွားရုံးပြန် တွေ့ဖူးနေကျ မျက်နှာဖြစ်၍ သူက အလိုက်သင့်ပြန်၍ ပြုံးပြလိုက်သည်။

"ရန်ကုန်မှာ အပူချိန် တစ်ရာ့နှစ်ဆယ်တဲ့"

"ဟုတ်လား"

သူက သတင်းစာတွင် ဖတ်လာသောအပူချိန်ကို ပြောတော့…

အမျိုးသမီးက…

"ဟုတ်လား"

ဟု စိတ်မဝင်စားသလို ဝင်စားသလိုနှင့် အူကြောင်ကြောင်ပြောသည်။

ထို့နောက် သူ့လက်ထဲမှ ပလတ်စတစ်အိတ်ကို ဖွင့်ကြည့်ကာ

"ဟောတော့… ထောပတ်သီးတွေ မေ့ထားခဲ့ပြီ"

ဟု အလန့်တကြား ပြောလေသည်။

အောင်ဖြိုးဝင်း စိတ်ညစ်သွားသည်။

mgyoe.com

mgyoe.com


သူဘာပြောပြော အမျိုးသမီးကြီးက စိတ်ဝင်စားတော့မည်မဟုတ်။

သူ့အနားတွင် အဏ္ဏာမြူဖုံးကြီး ကျကွဲလျှင်ပင် မသေခင်…

"အောင်မယ်လေးတော့ ထောပတ်သီး"

ဟုအော်ကာ အငွေ့ဖြစ်သွားလိမ့်မည် ထင်သည်။

သူကြည့်ရသည်မှာ ထောပတ်သီးကျန်ခဲ့သည်မဟုတ်ဘဲ စိန်လက်စွပ်ကျန်ခဲ့သောပုံမျိုး ဖြစ်နေလေသည်။

"တောင်ကြီးက တိုက်ရိုက်လာတဲ့ အသီးကြီးတွေကွယ်၊ ကောင်းကကောင်းနဲ့၊ ကြွက်စားကုန်ရင်တော့ ဒုက္ခပဲ"

အမျိုးသမီးကြီးက ညည်းညည်းညူညူပြောသည်။

အောင်ဖြိုးဝင်း ဘာပြန်ပြောရမည်မှန်း မသိ၍ ပြုံးနေလိုက်ရသည်။

ထောပတ်သီးကို သူစိတ်မဝင်စား။

ကြိုက်လည်း မကြိုက်။

ထို့ကြောင့် အေးမွန်အကြောင်းကို ဆက်၍တွေးသည်။

အေးမွန်က မချမ်းသာပေ။

တက္ကသိုလ်တက်နိုင်သည်ကပင် ပညာသင်ထောက်ပံ့ကြေးရသောကြောင့် ဖြစ်သည်။

အေးမွန်၏အဖေက စာရေးကြီးဖြစ်သည်။

အေးမွန်က အကြီးဆုံးဖြစ်ကာ သူ့အောက်တွင် မောင်နှစ်ယောက်နှင့် ညီမတစ်ယောက်ရှိသေးသည်။

ဒီတော့လည်း အေးမွန်တို့ မိသားစုသည် အစစချို့တဲ့သည်။

ကျောင်းသို့ ထည့်ယူလာသော အေးမွန်၏ ထမင်းဘူးများတွင် ဆီပြန်ဟင်းများကို မတွေ့ရတတ်။

အေးမွန်စားသော ပိန်းဥဟင်းတို့၊ ကန်စွန်းရွက်ချဉ်ရည်တို့ကို သူကြောရှည် စားနိုင်လိမ့်မည် မထင်။

mgyoe.com

mgyoe.com


ထို့ကြောင့် အေးမွန်ကို လက်ထပ်ယူရန် စဉ်းစားမိတိုင်း သူတွန့်ဆုတ်မိသည်။

နူးညံ့ပျော့ပျောင်းသော အေးမွန်၏မျက်နှာကို ငေးကြည့်ကာ လှုံ့တက်လာသော ချစ်စိတ်ချစ်သွေးများသည် အေးမွန်၏ ထမင်းဘူးထဲမှ ဆီမပါသော ငါးလူးဟင်း၊ ငါးပုတ်သင်ဟင်း ခြောက်ကပ်ကပ်ကလေးများကို တွေ့ရလျှင် ချက်ချင်းပြန်ပြီး အနည်ထိုင်ကာ အေးသွားတတ်သည်။

အေးမွန်နှင့်သူ နှစ်ဦးပေါင်း၍ တည်ထောင်ရမည့်ဘဝကို သူ တစ်ခါတစ်ရံ တွေးကြည့်မိသည်။

နှစ်ဦးသားအတူ ဘတ်စ်ကားကို တိုးစီး၍ ရုံးသို့သွားကြရမည်။

နေ့ခင်းရောက်တော့ ရုံးတွင် ခေါင်းချင်းဆိုင်ကာ ပိန်းဥဟင်း၊ ငါးလူးဟင်း၊ ဘဲဥကြော်လေးများနှင့် ထမင်းစားကြရမည်။

သူက ထမင်းစားရသည်ကို မတင်းတိမ်၍ လက်ဖက်ရည်သွားသောက်ရအောင်ဟု ခေါ်လေလျှင်လည်း အေးမွန်က ပိုက်ဆံအိတ်ကို ငုံ့ကြည့်ကာ…

"အေးမွန် မဆာပါဘူး၊ မောင်တစ်ယောက်တည်း သွားသောက်လိုက်ပါ"

ဟု ပြောပေလိမ့်မည်။

သူကလည်း အေးမွန်ကိုငုံ့ကာ…

"အေးလေ၊ ငါးမတ် တစ်ကျပ်ဆိုလည်း မနည်းဘူး၊ အလကားအကုန်မခံတော့ပါဘူး"

ဟုတွေးပြီး သွား၍သောက်ဖြစ်တော့မည် မဟုတ်။

"ရုံးပြန်ယူရင် မီမလားမသိဘူး၊ ဩော်… ဒါပေမဲ့ အခန်းသော့က ငါ့ဆီမှာမရှိ"

သူ့ဘေးမှ အမျိုးသမီးကြီးက တစ်ဦးတည်း ညည်းနေသည်။

mgyoe.com

mgyoe.com


သူကလည်း သူ့ကိစ္စနှင့် သူ့ထောပတ်သီးသာ အရေးကြီးနေသည်။

"မောင်လေးရေ ဘယ်နှနာရီထိုးပြီလဲ"

"လေးနာရီ မိနစ်နှစ်ဆယ်"

"ရထားထွက်ဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တာနော်"

အမျိုးသမီးကြီးက ချိတုံချတုံဖြစ်နေသည်။

သူက တစ်ဖက်သို့လှည့်ကာ စကြံ-၃ မှ လူများကို ငေးကြည့်နေမိသည်။

သာစည်ရထားတွဲ အထိုးနောက်ကျသောကြောင့် စောင့်နေသော ခရီးသည်များဖြစ်သည်။

ငေး၍ ကြည့်ရင်း သူ့စိတ်က အတွေးထဲ ပြန်ရောက်သွားပြန်သည်။

အေးမွှန်က မိသားစုတာဝန်ကို ကျုံးပြီးထမ်းရလေမည့်သူဆိုတော့ သူကပါ ဘေးမှဝင်ပြီး ကူ၍ထမ်းရတော့မည်ဖြစ်လေသည်။

နှစ်ယောက်စလုံး အင်ဂျင်နီယာဖြစ်၍ နှစ်ယောက်လစာ ရသည် ပင်လျှင် ဆီပြန်ဟင်းစားနိုင်ဖို့ မလွယ်။

ကားစီးဖို့၊ တိုက်ဆောက်ဖို့ကား မစဉ်းစားရဲ။

ထိုအချိန်တွင် သူက မာမာထွန်းနှင့် တွေ့ခဲ့သည်။

မာမာထွန်းသည် အေးမွှန်လောက်လည်း ပညာမတတ်။

အေးမွှန်လောက်လည်း မလှ။

သူ့ထက် အတန်ငယ် အသက်ငယ်သော်လည်း ငယ်သည်ဟု မထင်ရ။

တွေ့စတုန်းက သူ့ထက်ကြီးသည်ဟုပင် သူကထင်ခဲ့မိသေးသည်။

မာမာထွန်းကို အောင်ဖြိုးဝင်း၏ အဒေါ်တစ်ယောက်ကစ၍ မိတ်ဆက်ပေးသည်။

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော်

mgyoe.com

mgyoe.com


အောင်ဖြိုးဝင်းပါ၊ ဆောက်လုပ်ရေးမှာ လုပ်ပါတယ်''

ဟု နှုတ်မှပြောလိုက်ရသော်လည်း စိတ်ထဲမှမူ...

''အင်း... မိန်းမဖြစ်ပြီး ကြည့်ရတာ နွဲ့နွဲ့ပျောင်းပျောင်းမရှိလိုက်တာ၊ မာမာထွန်းလို့မခေါ်ဘဲ မာမာတောင့်လို့ ခေါ်ဖို့ကောင်းတယ်''

ဟု စဉ်းစားမိသေးသည်။

သို့သော်...

ထိုမာမာတောင့်တောင့်ကြီးက စိန့်တွေညွတ်နေအောင် ဝတ်သောအခါ သူ့မျက်စိထဲတွင် နွဲ့နှောင်းပျော့ပျောင်းသွားလေသည်။

မာမာထွန်း၏အမေကလည်း...

''သမီးတစ်ယောက်တည်းဆိုတော့လည်း ကားဝယ်စီးမနေတော့ပါဘူးကွယ်၊ သွားစရာ လာစရာမှ မရှိတာ၊ သမီး အလုပ်လုပ်ရင်လည်း ရုံးဆင်းရုံးတက်လုပ်ဖို့ ဝယ်ရကောင်းသား...။

''ခုတော့ သမီးကလေးကိုလည်း အလုပ် မလုပ်စေချင်ဘူး၊ ကာလကြီးက ကောင်းတာမဟုတ်ဘူး၊ မတော်မတည့်တာနဲ့ တွေ့ပြုသွားမှာလည်းစိုးရတယ် ညီမရေ၊ ဒီတော့ သမီးကိုပဲစနေရတယ်၊ သမီးအိမ်ထောင်ကျမှပဲ သမီးယောက်ျား ရုံးတက်ဖို့ မာမီက ကားဝယ်ပေးရတော့မှာပဲလို့''

ဟု အောင်ဖြိုးဝင်း၏ အဒေါ်အား ပြောသည်။

ဒီတော့လည်း အဒေါ်က...

''စိတ်ကူးမလွဲနဲ့ ငဖြိုး''

ဟု ပြောသည်။

အမေကလည်း...

''သူတို့နေတဲ့အိမ်က သူတို့အိမ်ပိုင်ပဲလား၊ အဘိုးကြီးက ပင်စင်စားဆိုပေမဲ့ အတော်စုမိဆောင်းမိထားပုံရတယ်နော်''

mgyoe.com